
mgyoe.com

SAMPLE BOOK



ညိုဖြူ

သုမန အမည်နှင့် မြန်မာပြန်သော

# တစ်ကိုယ်တော်


# SHANE


Jack Schaefer

mgyoe.com



ကျေးရွာလူထု အကျိုးဆောင် သတ္တိခဲ 'ရှိန်း'၏ ဝတ္ထု







# ညိုမြ

သုမန အမည်နှင့် မြန်မာပြန်သော

# တစ်ကိုယ်တော်

# SHANE

Jack Schaefer

mgyoe.com

mgyoe.com

SAMPLE EBOOK

ပုံနှိပ်ခြင်း

ပထမအကြိမ် – (၁၉၆၃) ပြည်သူ့အိုးဝေ သတင်းစာတိုက်
ဒုတိယအကြိမ် – (၁၉၆၇) သန်းမြစ် ဗဟိုစာနယ်ဇင်း
တတိယအကြိမ် – (၂၀၁၇) ရာပြည့်စာအုပ်တိုက်
(မတ်လ ၂၀၁၇)
အုပ်ရေ [၇၀၀]

□

ထုတ်ဝေသူ

ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။

□

ပုံနှိပ်သူ

ဦးလပြည့်ဝေး၊ လပြည့်လင်း ပုံနှိပ်တိုက် [၀၁၃၆၉]
၁၁–အိပ်ချ်၊ ၅၅ လမ်း (လယ်)၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။

□

မျက်နှာဖုံး ပန်းချီ

လင်းဝဏ္ဏ

□

တန်ဖိုး

၁၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှ လွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

သူ ကျွန်တော်တို့ဆီသို့ ရောက်လာသည်မှာ လွန်ခဲ့သည့် ၁၈၈၉ ခုနှစ် အတွင်းက ဖြစ်သည်။ ထိုစဉ်က ကျွန်တော့်မှာ ကလေးအရွယ်သာ ရှိသေးသည်။ တစ်နေ့တွင် ကျွန်တော်တို့၏ ခြံဝင်းကလေးအတွင်း ကျွန်တော့်အဖေ၏ လှည်းအိုကြီး နောက်ပိုင်းသို့ တက်ဆော့နေသည်။ ထိုသို့ ဆော့နေရာမှ တောင်ကြားဒေသသို့ လွင်ပြင်ဘက်မှ မြင်းစီးဝင်လာသူ သူ့ကို တွေ့လိုက်မိသည်။ သူ ဝင်လာသည့် လမ်းမှာ ကျွန်တော်တို့ခြံကလေးထက် အနိမ့်ပိုင်း ကျလှသည်။ ခပ်လှမ်းလှမ်းဆီတုန်းကမူ သူ့အား ထင်ထင်ရှားရှား ဘာမျှမမြင်နိုင်ခဲ့ပေ။ ဘာတစ်ခုမျှလည်း ထူးခြားသည်ကို မတွေ့ခဲ့ရ။ ထိုလမ်းအတိုင်းသာ အိမ်တန်းကလေးများ စုနေသည့် ကျွန်တော်တို့ မြို့ကလေးဆီသို့ ဝင်လာခြင်းသာ ဖြစ်သည်။

တစ်နေရာအရောက်တွင် နွားကျောင်းသား နှစ်



mgyoe.com

mgyoe.com SAMPLE BOOK

ယောက်တို့သည် သူ့ကို လွန်သွားပြီးမှ ရပ်တန့်၍ သူ့ကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်ကို တွေ့လိုက်မိသည်။ သူသည် ခပ်မှန်မှန် စီးရင်း မြို့ကလေးကို ဖြတ်လာခဲ့သည်မှာ ကျွန်တော်တို့ ကုန်းတန်းကလေးအောက် မိုင်ဝက်ခန့် ရောက်သည်ထိ ဖြစ်သည်။ ထိုနေရာတွင် လမ်းနှစ်ခွ ကွဲသွားပေရာ လမ်းတစ်ခွသည် မြစ်ဘက်ဆီသို့ သွားပြီး ဖလက်ချား၏ မြေပြန့်ဆီသို့ ဆက်သွားသည်။ ကျန်လမ်းတစ်ခုမှာ ကျွန်တော်တို့၏ အိမ်ခြံတန်းများရှိရာ တောင်ကြား ဒေသလေးဆီသို့ ဆက်လာသည်။ သူသည် ကျွန်တော်တို့ ဆီသို့ လမ်းကလေးအတိုင်း သူ၏မြင်းကို ဆက်စီးမလာသေးဘဲ လမ်းဆုံလေးတွင် အတန်ကြာ ရပ်၍ စဉ်းစားနေဟန်တူသည်။ နောက်တော့မှပင် ကျွန်တော်တို့ဆီသို့ ၎င်း၏မြင်းကို ခပ်မှန်မှန် နှင်လာလေသည်။

ကျွန်တော်တို့ဆီသို့ သူ ချဉ်းကပ်လာသည်နှင့် အစဦးဌပင် သူ၏အဝတ်အစားများကို ကျွန်တော် သဘောကျနှစ်ခြိုက်မိလိုက်သည်။ ဘောင်းဘီရှည် အရောင်ရင့်ရင့်ကို ဝတ်၊ ဖိနပ်ရှည်ကြီးကို စီးကာ ခါးပတ်ချောင်ချောင်ကို ဝတ်ဆင်ထားသည့် သူ့အသွင်ကို သဘောကျလိုက်မိသည်။ သူ၏ ကုတ်အင်္ကျီမှာလည်း ဘောင်းဘီကဲ့သို့ပင် အရောင်ရင့်ရင့် ဆင်တူဖြစ်သည်။ သူသည် ဘောင်းဘီခြေဖျားများကို သပ်ရပ်စွာ ခေါက်ထားသည်။ သူ့အင်္ကျီကိုလည်း လှပသော အတွင်းခံ တပ်ဆင်ထားသည်။ အရောင်မှာ အညိုရောင် ဖြစ်သည်။ လည်ပင်း၌ကား ပိုးပဝါအနက်ကို


mgyoe.com

mgyoe.com
SAMPLE BOOK

ခပ်ပြေပြေ ချည်ထားသည်။ ကျွန်တော်တို့အရပ်တွင် မြင်နေကျ ပဝါမျိုး မဟုတ်သည်ကို ကျွန်တော် သတိပြုမိလိုက်ပေသည်။ သူ့ဦးထုပ်ကြီးမှာ အနက်ရောင်ဦးထုပ်ပျော့ကြီးဖြစ်ပြီး ဘေးနားပတ်ကြီးမှာ ကျယ်ပြန့်လွန်းလှကာ မျက်နှာကို ဖုံးကာထားသလို ရှိလေသည်။

သူ့တစ်ကိုယ်လုံး ဝတ်စား ဆင်ယင်ထားသမျှတို့မှာ သစ်လွင်လွင်ဟူ၍ တစ်ခုမှ မရှိတော့ချေ။ သူတို့အပေါ်တွင် ထင်စွန်းနေသည့် ဖုန်မှုန့်များမှာ ခရီးဝေး လာခဲ့ရသည့် အသွင်ကို ဖော်ပြနေသည်။ သူ့ရှပ်အင်္ကျီတွင်လည်း အစွန်းအထင်းလေးများနှင့် ချုပ်တည်းထားသည့် အပ်ချုပ်ရာ အဖာအထေးလေးများကို တွေ့လိုက်ရသည်။ သူ့အဝတ်အစားများ ဝတ်စားဆင်ယင်ပုံကို သတိပြုပြီးနောက် သူ့ပင်ကို သဘာဝကို ဂရုပြုမိလိုက်သည်။

မြင်းစီးကုန်းပေါ်တွင် သက်သာစွာ ထိုင်ရင်း စီးလာသူ လူစိမ်း သူ့ကို ကျွန်တော် စိတ်ဝင်စားနေမိပါသည်။

သူသည် ကျွန်တော်နှင့် ကိုက် ၂၀ ခန့်မျှ ဝေးတော့သည့် နေရာအထိ မြင်းစီးလာပြီးနောက် ကျွန်တော့်ကို တစ်ချက် ဝင့်ကြည့်လိုက်သည်။ နောက် ချက်ချင်းပင် ကျွန်တော့်ဆီမှ မျက်စိလွှဲလိုက်ပြီး ပတ်ဝန်းကျင် တစ်ခုလုံးကို မျက်စိဖြန့်ကြည့်ရင်း အကဲခတ်လိုက်ပြန်သည်။ နောက်ပိုင်းရှိ စားကျက်ကွင်းကြီး၏ တစ်ဝက်ခန့်ကို ခြံများ ကာရံထားသည်။ မျှတသင့်သလောက် မြေများကိုမူ အာလူးများ စိုက်ထားသည်။ ဖခင်ကမူ ယခုနှစ် ပြောင်းဆန်သစ်များ စိုက်ပျိုးရန် ကြိုးစားနေသည်။


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

m g y o e . c o m  SAMPLE BOOK 

ကျွန်တော်တို့ အိမ်နောက်ဘက်တွင် အမေ၏ မီးဖိုဆောင် ခြံကလေးက ဆွယ်လျက်ရှိပြန်သည်။ အိမ်တစ်ခုလုံးတွင် ခန်းကျယ်ကြီး သုံးခန်း ပါသည်။ မီးဖိုဆောင်ကြီးမှာလည်း ကျယ်ဝန်းလှသည်။ မီးဖိုဆောင်ကြီးထဲ၌ပင် နေ့လယ် နေ့ခင်း နေထိုင်ခြင်းနှင့် ညအိပ်ခန်းအဖြစ် အသုံးပြုကြပါသည်။ ကျွန်တော်၏ ခန်းဆွယ်လေးကမူ မီးဖိုဆောင်နှင့် ကပ်လျက်ရှိသည်။ အဖေက တတ်နိုင်လျှင် အမေ လိုချင်သည့် ဧည့်ခန်းတစ်ဆောင် ထပ်ဆောက်ပေးရန် အကြံရှိလေသည်။

သူ့အရပ်မှာ လူတိုင်း၏ သာမန်အရပ်အမောင်းထက် ပိုမြင့်လှသည် မဟုတ်ပေ။ ကိုယ်လုံးကိုယ်ဖန်မှာလည်း ကျစ်လျစ်တောင့်တင်းပြီး သူ၏မုတ်ဆိတ်များကို သပ်ရပ်စွာ ရိတ်ထားသည်။ ကျယ်ပြန့်သော ဦးထုပ်ဘေးသားများက သူ၏မျက်စိအစုံကို မိုးကာ ဖုံးအုပ်ထားလေသည်။ သူ့မျက်နှာပေါ်တွင်ကား နေလောင်ထား၍ ညိုရင့်နေသည့် အသားအရေများကို တွေ့ရပေသည်။ သူသည် မျက်မှောင်ကြုတ်ထားသည်ကို မြင်ရသဖြင့် သူ၏ အမြဲတမ်း ဖျတ်လတ်လျက်ရှိသည့် သဘာဝကို ခန့်မှန်းမိလေ၏။

အိမ်တစ်ဆောင်လုံးကို သစ်သားခင်းထားသည်။ အိမ်ရှေ့တွင် ဆင်ဝင်ကလေးရှိပြီး၊ အိမ်တစ်ဆောင်လုံးကို ဆေးဖြူ သုတ်ထားပြီး အစိမ်းရောင်နှင့် သပ်ရပ်အောင် အနားသတ် သုတ်ထားသည်။ အိမ်များကို ဤလို ဆေးသုတ်ပုံမျိုး ဒီအရပ်မှာ မရှိပါ။ အလွန် ရှားလှပါသည်။ အမေက


mgyoe.com

mgyoe.com SAMPLE BOOK

သူ့မွေးဇာတိ နယူးအင်္ဂလန်ကို အမြဲအမှတ်ရနေစေရန် ဤလို ဆေးသုတ်ထားခြင်း ဖြစ်သည်။ အမိုးကိုလည်း အဖေကိုယ်တိုင် သစ်သား အုတ်ကြွပ်အုတ်များ မိုးထားသည်။ အုတ်ကြွပ်မိုးစဉ်က ကျွန်တော်ပင် ဝိုင်းကူရသေးသည်။

အားလုံးသော မြင်ကွင်းများကို သူစိမ်းဧည့်သည်သည် ကြည့်ရင်း သူ့မြင်းစီးကုန်းပေါ်တွင် ခပ်သက်သက်သာသာ ထိုင်နေသည်။ သူသည် ဆင်ဝင်ကလေး ဘေးတစ်လျှောက်ရှိ အမေစိုက်ထားသည့် ပျိုးပင်ကလေးများကို အာရုံစိုက်နေသည်ကို ကျွန်တော် သိပါသည်။ သူသည် ကျွန်တော်တို့၏ ရေစုပ်ပန့်ကလေးအနားထိ မြင်းစီးသွားပြီး ညင်သာ တည်ငြိမ်စွာနှင့် ပြောပါသည်။

'ကျွန်တော်နဲ့ ကျွန်တော့်မြင်းအတွက် ရေလေးများ သုံးဆောင်ပါရစေလား' သူ့အပြောကို ကျွန်တော်က ပြန်ဖြေမလို လုပ်နေသည်။ အမှန်မှာ သူက ကျွန်တော့်ကို ပြောချင်သည် မဟုတ်ပါ။ ကျွန်တော့်နောက်ဆီမှ အဖေ့ကို လှမ်းပြောခြင်းသာ ဖြစ်ပါသည်။

အဖေသည် ကျွန်တော့်နောက်နားကို ဘယ်အချိန်က ရောက်နေမှန်း မသိပါ။ တံခါးတိုင်ကို မှီပြီး ကုန်းတန်းဆီကို ကြည့်နေပါသည်။

'ခင်ဗျား လိုသလောက် သုံးနိုင်ပါသဗျာ' အဖေက ပြန်ပြောသည်။ ကျွန်တော်တို့ သားအဖ နှစ်ယောက်စလုံး လူစိမ်းဧည့်သည်ကို ကြည့်နေမိကြသည်။ သူသည် ရေစုပ်


mgyoe.com

mgyoe.com SAMPLE BOOK

ပန့်ကို စုပ်လိုက်ပြီး ပထမဆုံး သူ့မြင်းနှုတ်သီးကို ဆွဲနှစ်ပေးလိုက်သည်။ သူ့ကိုယ်ထက် သူ့မြင်းကို အရေးတယူ အလျှင်ပြုစုနေသည်။

နောက်တော့မှ ဦးထုပ်ကို ချွတ်ပြီး ခြံတိုင်တစ်နေရာတွင် ချိတ်ဆွဲထားလိုက်သည်။ သူ့ကိုယ်ပေါ်မှ ဖုန်မှုန့်များကို လက်နှင့် ခါချနေပြန်သေးသည်။ နီးကုန်း တစ်နေရာတွင် ညှပ်ထားသည့် အဝတ်အစ တစ်စကို ဆွဲထုတ်ပြီး ဖုန်ပေနေသော သူ့ဘွတ်ဖိနပ်ကြီးကို သုတ်ပြန်သေးသည်။ သူ့လည်ပင်းမှ လက်ကိုင်ပဝါကြီးကို ဖြေချသည်။ နောက် အင်္ကျီလက်နှစ်ဖက်ကို လိပ်တင်ပြီးမှ ရေနှင့် လက်များကို ဆေးကြောပြီး မျက်နှာသစ်လိုက်သည်။

နောက် သူ၏ လက်နှစ်ဖက်ကို ရေခြောက်သွားစေရန် ခါချနေသည်။ နောက်တော့မှ လည်စည်းပဝါဖြင့် သုတ်လိုက်သည်။ နောက် ရှပ်အင်္ကျီအိတ်အတွင်းမှ ဘီးတစ်ချောင်းကို ဆွဲထုတ်ပြီး နက်မှောင် ရှည်လျားသော ဆံပင်ကို ဖြီးလိုက်သည်။ သူ၏ လုပ်ပုံကိုင်ပုံအားလုံးမှာ တည်ငြိမ်လှသည်။ ခပ်အေးအေးပင် ပြုလုပ်နေသည်ကို ကျွန်တော်တို့ ကြည့်နေမိပါသည်။ နောက်တော့မှပင် သူ့အင်္ကျီလက်များကို ပြန်ချပြီး ခြံတိုင်မှ ဦးထုပ်ကို ပြန်ယူဆောင်းလိုက်သည်။ အမေစိုက်ထားသော ပန်းပင် တစ်ပင်မှ ပန်းတစ်ပွင့်ကိုပင် ခူးယူလိုက်သေးတော့သည်။ နောက် မြင်းပေါ်သို့ပြန်တက်ပြီး လမ်းဘက်ဆီသို့ တစ်လှမ်းချင်း မြင်းစီးထွက်သွားသည်။ ဤလူလို တည်ကြည်


mgyoe.com

mgyoe.com SAMPLE BOOK

ခံ့ညားသူမျိုး ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေး ပါ။ တစ်ခဏမျှသော အချိန်ပိုင်းအတွင်း သူနှင့် ပတ်သက် ၍ ကျွန်တော် သတိထားမိလိုက်သမျှသော အချက်များမှာ ရိုးရိုးကလေးနှင့် ယဉ်လှသည်။ သူ့ပစ္စည်းအသုံးအဆောင် များ အားလုံးမှာ ကာလအတန်ကြာကပင် သုံးစွဲလာသည့် အခြေအနေများ တွေ့နေရသည်။ သူ့ဦးထုပ်၊ ဖိနပ်နှင့် ခါးပတ် စသည့် အဆောင်အယောင်များသာ ကျွန်တော် ဝတ်စားရလျှင် ဘယ်ပုံပေါက်နေမည်ကို ကျွန်တော် စိတ် ကူး ကြည့်မိပါသည်။

သူသည် မြင်းကို ခဏရပ်လိုက်ပြီး ကျွန်တော်တို့ကို ကြည့်လိုက်ရာ သူ၏ ကြည်လင်ရွှင်လန်းနေသည့် မျက်နှာ ကို မြင်ရသည်။ သူ့မျက်လုံးမှာ တောက်ပနေပြီး ရယ်ပြုံး နေပါသည်။ နောက်တော့မှ 'ကျေးဇူးတင်ပါတယ်' ဟု တစ်ခွန်းသာ ပြောပြီး မြင်းကို လမ်းမဘက်သို့ ပြန်ဆွဲ လှည့်လိုက်ပါသည်။ အဖေသည် ကျွန်တော်တို့အား ကျော ပေး ထွက်သွားသည့် လူစိမ်းကို လှမ်းပြီး 'ဘယ့်နှယ်... လောလှချည်လား' ဟု ပြောလိုက်လေသည်။

အဖေ့အသံကြောင့် မြင်းစီး လူစိမ်းနှင့် သူ့မြင်းပါ ကျွန်တော်တို့ဆီသို့ ပြန်လှည့်ကြည့်လိုက်ကြသည်။ သူစိမ်း ၏ မျက်လုံးအစုံသည် ဦးထုပ်နားပတ် အရိပ်အောက်မှ နေပြီး အတော့်ကို စိုက်ကြည့်နေသည်။ အဖေနှင့် သူသည် တစ်ဦးကိုတစ်ဦး အကဲခတ် ကြည့်နေကြရာမှ အဖေက 'ဒီလောက်လည်း မလောပါနဲ့လေ၊ ခင်ဗျားအတွက် စား


mgyoe.com

mgyoe.com SAMPLE BOOK

စရာလည်း ရမှာပေါ့။ ဒီမှာ ညအိပ်နိုင်ပါတယ်' ဟု ပြော လိုက်သည်။

လူစိမ်းသည် ညအိပ်ရန် ဆုံးဖြတ်လိုက်သလား မသိ ပါ။ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး 'ခင်ဗျားကို သိပ် ကျေးဇူးတင်တယ်ဗျာ' ဟု ပြောကာ မြင်းပေါ်မှ ဆင်းလိုက် သည်။ နောက် ကျွန်တော်တို့ဆီသို့ လျှောက်လာပြီး ကျွန်တော်တို့နှင့်အတူ အိမ်ဆီသို့ လျှောက်သွားကြသည်။

'ကျုပ်နာမည် စတားရက်ပါ' အဖေက ပြောသည်။ 'ဂျိုးစတားရက်ပေါ့ဗျာ' နောက်တော့မှ ကျွန်တော့်ကို လက် ဖြင့် ပြရင်း 'ရောဘတ်မက်ဖာဆင်စတားရက်လေ၊ ကလေး နာမည် ရှည်လွန်းလို့ ကျုပ်ကတော့ ဘော့လို့ပဲ ခေါ်တယ်'

သူစိမ်းသည် အဖေပြောသမျှကို နားထောင်ရင်း အသာခေါင်းညိတ်သည်။ နောက်တော့မှ 'ကျုပ်ကိုတော့ ရှိန်းလို့ခေါ်ပါ' ဟု ဆိုလိုက်သည်။ သူစိမ်းသည် ပြီးတော့ ကျွန်တော့်ဘက်သို့ လှည့်ပြီး 'မင့်နာမည် ဘော့လားကွာ၊ မင်း ငါ့ကို လမ်းက တက်လာကတည်းက ကြည့်နေတယ် မဟုတ်လား' လို့ မေးပါသည်။

သူ့မေးခွန်းက ဘာမျှပြဿနာ မဟုတ်ပါ။ ဒါကြောင့် ကျွန်တော်က 'ဟုတ်တယ်လေ၊ ကျွန်တော် ကြည့်နေတယ်' လို့ ပြန်ပြောလိုက်ပါသည်။

ဒီတော့ သူက ပြန်ပြောသည်။ 'အေး၊ အဲဒါ ငါ ကြိုက်တယ်ကွ၊ ပတ်ဝန်းကျင်ကို အမြဲအကဲခတ် လေ့လာ နေတဲ့ လူဟာ လူတော်တစ်ယောက်ပေါ့ကွာ'


mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့သုံးဦး အိမ်ထဲသို့ ဝင်သွားချိန်တွင် အမေသည် လူလေးဦး စားရန် ဝိုင်းထားသည့် စားပွဲမှ ဆီးကြိုနေသည်။ 'ရှင့်ကို ကျွန်မ ပြတင်းပေါက်ကနေ လှမ်းမြင်နေသားပဲ' အမေက ဆီးပြောပါသည်။ နောက်တော့ အမေသည် ဇည့်သည်လက်ကို ဆွဲကိုင် နှုတ်ဆက်ပါသေးသည်။

နောက်တော့ အဖေကစပြီး 'မယ်ရီယန် မင့်ကို မစ္စတာ ရှိန်းနဲ့ ကိုယ်က တွေ့စေချင်နေတာ' ဟု ပြောသည်။ ရှိန်းက အမေ့ကို လှမ်းပြီး နှုတ်ဆက်ပါသည်။ အမေ့လက်ကို ဆွဲပြီး နမ်း၍ နှုတ်ဆက်ပါသည်။ အမေကလည်း ရှိန်းကို 'ကောင်းသော ညနေပါ' ဟု ပြန်နှုတ်ဆက်သည်။

အမေက သူ၏ချက်ပြုတ်မှုများအတွက် အမြဲဂုဏ်ယူလေ့ ရှိသည်။ သူ့အချက်အပြုတ်ဖြင့် အိမ်ကို သာယာစေတတ်သည်။ အမေသည် ဒီလိုသာ စိတ်တိုင်းကျ ချက်ပြုတ်ကျွေးမွေး နေထိုင်သေးသမျှ ကာလပတ်လုံး အဖေ၏ အလုပ်မှ အမှားအယွင်း အဆင်မပြေမှုလေးများကို ထောက်ပြ သွားနိုင်ဦးမည်သာ ဖြစ်သည်။

ကျွန်တော်တို့သည် ထမင်းစားပွဲ၌ ထိုင်မိသည်။ အဖေသည် ရှိန်းနှင့် စကားပြောလျက်ရှိရာ အမေက တစ်ခွန်း တစ်ခွန်းတွင် ဝင်ထောက်ပေးသည်။ ကျွန်တော်ကမူ သူတို့စကားပြောသည်ကို အသာ နားထောင်နေမိသည်။ သူတို့ပြောသည့် စကားများထဲတွင် ရှိန်းအကြောင်းနှင့် ပတ်သက်ပြီး တိုက်ရိုက်မေးမြန်းပြောဆိုမှုဟူ၍ တစ်ခွန်း


mgyoe.com

m g y o e . c o m

SAMPLE BOOK


တစ်ပါဒမျှ မပါပေ။ ရှိန်းကလည်း စကားပြောရာတွင် အေးချမ်းတည်ငြိမ်စွာ ပြောလေသည်။ သူ ပြောလေသည့် စကားလုံးများထဲတွင် အဖေတို့အဖို့ သိလိုသည့် အချက်အလက်များ ပါသော စကားဟူ၍ တစ်လုံးမျှ သုံးမသွားခဲ့ပေ။

သူသည် ရက်၊ လကြာစွာ ခရီးထွက်ခဲ့ပုံ၊ တစ်မြို့ဝင် တစ်ရွာထွက် သွားခဲ့ရာ သတင်းတွေ အစုံကြားရသည်။ ဒေါ့ချစီတီကဲ့သို့သော အလွန်ကွာဝေးခေါင်လှသည့် မြို့များသို့ပင် သူ ရောက်ခဲ့ပေသည်။ ထိုမြို့ရွာဒေသများ၏ အကြောင်းကို သူ့ဆီက ကြားသိရသော်လည်း သူနှင့် ပတ်သက်သည့်အကြောင်း တစ်စုံတစ်ခုကိုမျှ မကြားရပေ။ သူ့နောက်ကြောင်းတွေကို သော့ခတ်ထားသလို ရှိပုံရသည်။ သူသည် ခရီးထွက်ရာ၌ ဘယ်ရယ်လို့ မည်မည်ရရ မရှိဘဲ 'မတွေ့ရသေးတဲ့ အရပ်တွေ လျှောက်ကြည့်ချင်တာနဲ့ပဲ ခရီးထွက်ခဲ့တယ်' ဟူသော အချက်လောက်သာ သိသည်။

ထမင်းစားပွဲအပြီးတွင် အဖေနှင့် ရှိန်းတို့သည် အိမ်ရှေ့ ဆင်ဝင်အောက်တွင် ထိုင်စကားပြောနေကြသည်။ အမေမှာမူ စားပွဲမှ ပန်းကန်များကို ဆေးကြောရင်း အလုပ်များနေသည်။ အဖေနှင့် ရှိန်းတို့၏ စကားပြောသံများသည် တစ်ခါတစ်ခါ အိမ်ထဲသို့ လွင့်ဝင်လာသည်။ သူတို့ စကားပြောနေကြသည်မှာ ရှိန်း၏အစီအစဉ် လုပ်ငန်းများပင် ဖြစ်လေသည်။ တစ်ခါတစ်ခါ အဖေက ပြန်လှန် ငြင်းချက်ထုတ်သံကို ကြားရသေးသည်။


mgyoe.com

'ဟုတ်တယ်၊ ကျုပ်နဲ့တူတူ လုပ်ကိုင်နေတဲ့ သူငယ်တွေဟာ ဒါကို သဘောမပေါက်ကြသေးဘူး။ အခု လွတ်နေတဲ့ လယ်ပြင်တွေဟာ ဘယ်လောက်များ ကြာကြာလွတ်နေမလဲ။ အခုပဲ ကြည့်ပါလား၊ ခြံတွေခတ်ပြီး ယူကုန်ကြလို့ တဖြည်းဖြည်း ခြံတွေ ပိတ်လာပြီမို့လား' လို့ အဖေက ပြောသံ ကြားရသည်။

'ဟုတ်တယ်လေ၊ ဒီဟာ တကယ့်ကိုကောင်းတဲ့ အတွေးအခေါ်ပဲပေါ့။ ဒီအကြံမျိုးကို အကြံဉာဏ်ကောင်းတဲ့ လူတွေဆီကပဲ ကြားဖူးသေးတယ်။ ဒီလိုဟာမျိုးတွေတော့ ရှိဦးမယ် ထင်ပါရဲ့' ဟု ရှိန်းက ပြန်ပြောသည်။

ဒီတော့ အဖေက 'အင်မလေး အများကြီး ရှိပါ့ဗျာ၊ ဒီမှာ ရှိန်း၊ ခင်ဗျား ခြံလေးတစ်ကွက်လောက် ရာပြီးတော့ သီးနှံလေး ဘာလေးစိုက်၊ ကျွဲနွားလေးလည်း နည်းနည်းပါးပါးလောက် မွေး၊ ဒါပေမဲ့ အသားရောင်းစားဖို့ပေါ့ဗျာ။ ကျုပ်တောင် လုပ်သေးတယ်၊ ဒါပေမဲ့ ဟိုမြစ်တစ်ဖက်ကမ်းမှာ လုပ်နေတဲ့ ခြေတန်ရှည် ဖလက်ချားကိုတော့ မလိုက်နိုင်ဘူးလေ။ ခုဆို သူ့ခြံက ထွက်တာတွေ ကျုပ်တို့ တောင်ကြားဒေသ တစ်ခုလုံး သုံးနေရပြီမို့လား။

'သူ့ခမျာလည်း ကျုပ်တို့ ဒီကိုရောက်လာကတည်းက သူ့ခြံတွေ မြစ်ရေနဲ့ အဆက်ပြတ်သွားမှာ စိုးနေရရှာတယ်လေ' အဖေနှင့် ရှိန်းတို့ စကားကောင်းနေကြသည်မှာ အမေသည် အိုးခွက် ပန်းကန်များ ဆေးကြောရာမှ ပြီးစီးသွားပြီး၊ အမေသည် ထုံးစံအတိုင်း ကျွန်တော့်ကို အိပ်စေ



mgyoe.com

mgyoe.com SAMPLE BOOK

ပါတော့သည်။ ကျွန်တော့်ကို အိမ်နောက်ပိုင်း အခန်းကျဉ်းကလေးထဲတွင် ထားခဲ့ပြီး အဖေနဲ့ ရှိန်းတို့ စကားဝိုင်းသို့သွားလေသည်။ ကျွန်တော့်အနေဖြင့် စကားဝိုင်းကိုသာ စိတ်ရောက်နေပေသည်။ သို့ကြောင့်ပင် အိပ်ခန်းထဲမှနေပြီး စကားဝိုင်းမှ လေသံများကို နားစွင့်နေမိသည်။ သူတို့စကားသံများမှာ လေသံနိမ့်လွန်း၍ တစ်ခါတစ်ခါ ဘာမျှမကြားရပါ။ အတန်ကြာသော် အိပ်ရာဝင်သံများ၊ အဖေနှင့်အမေ တီးတိုးဆိုသံများက မကြားတကြား နားထဲ ဝင်လာသည်။

'ဒါဟာ မဆန်းဘူးလား၊ သူ့အကြောင်း ဘာကြောင့်များ မပြောပါလိမ့်' အမေ့ပြောသံကို ကြားရသည်။ 'ဆန်းတယ်လေ' အဖေက ထောက်လိုက်သံကြားရသည်။ 'တစ်မျိုးတော့ ဆန်းနေတာပဲ'

'သူ့အကြောင်းတွေ အားလုံးဟာ အဆန်းချည်းပဲရှင့်၊ သူ့လိုလူမျိုး တစ်ယောက်မှ မတွေ့ဖူးသေးပါဘူး' အမေက ထပ်ပြောလိုက်ပြန်သည်။

'သူဟာတော့ လူတစ်မျိုးပဲပေါ့။ တစ်ခါတစ်ခါမှ တွေ့ရတတ်တဲ့ လူထူးလူဆန်းမျိုးပေါ့ကွယ်။ ဆိုးရင်လည်း သိပ်ဆိုး၊ ကောင်းရင်လည်း သိပ်ကောင်းတဲ့ လူမျိုးပေါ့'

'သူ့ကို ရှင် ဘယ့်နှယ် ခန့်မှန်းနိုင်မလဲရှင်၊ သူ ဘယ်က လာတယ် ဆိုတာလေးကိုမှ ထုတ်မပြောတဲ့ဟာ'

'ဒီလူဟာ တင်နက်ဆီနယ်က ဖြစ်ချင် ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် တို့ဧည့်သည်ပဲပေါ့ကွာ'

'ကျုပ်တော့ သူ့ကို သဘောကျတယ်ရှင်၊ သူဟာ


mgyoe.com

mgyoe.com SAMPLE BOOK

ယဉ်လည်း ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ ပြောမှုဆိုမှု ပြေပြစ်တယ်။ နောက်ပြီး ကျုပ်တို့ ဒီမှာ တွေ့နေရတဲ့ လူအများလို တူကိုမတူဘူး။ အေး... အဲဒီ ယဉ်ကျေးသိမ်မွေ့တာတွေ၊ နူးညံ့တာတွေနောက်မှာ တစ်ခုခုတော့ တစ်ခုခု...'

'အေးပေါ့ကွာ၊ ဆိုးသွမ်းတာ ဆိုပါတော့'

'ဟုတ်တယ်ရှင့်၊ ကြောက်စရာ ကောင်းတာထက် ပိုမယ်ထင်တယ်'

'မှန်တယ်၊ သူဟာ ကြောက်စရာကောင်းတဲ့ အန္တရာယ်များသူ ဖြစ်နိုင်တာပဲ' အဖေ့လေသံသည် ရယ်သံ ပါနေသည်။ နောက်တော့ ရယ်မောသံလေးများ ကြားလိုက်ရလေသည်။

အဖေက လှမ်းပြောလိုက်သည်။ 'နောက်ပြီး ဒီအရပ်မှာ ဒီလိုစကားလုံးမျိုး၊ ဒီလိုအခေါ်အဝေါ်မျိုး ခေါ်သံဘယ်တော့မှ မကြားရဘူး မဟုတ်လား'

အိပ်ရာမှ ထလျှင် ကျွန်တော်သည် မီးဖိုထဲသို့ တစ်ကြိမ်တည်း တန်းဝင်ခဲ့သည်။ အဖေနှင့် ဒေ့ဇ်သည်ကို အပြေးအလွှား ရှာကြည့်မိသည်။ သူတို့နှစ်ဦးသား အမေလုပ်ထားသည့် မုန့်များစားရင်း အလုပ်များနေကြသည်။ အမေသည် မီးဖိုပေါ်မှ လှမ်းပြီး အဖေတို့ကို ပြုံးကြည့်နေသည်။ ဒေ့ဇ်သည်က ကျွန်တော့်ကို ခေါင်းဆတ်ပြီး ပြုံး၍ နှုတ်ဆက်လေသည်။

'ကောင်းသော နံနက်ခင်းပဲ ဘော့ရေ၊ မင့်မေမေရဲ့


mgyoe.com

mgyoe.com
SAMPLE BOOK


လက်စွမ်းပြပုံတွေကတော့ ကောင်းပါ့ကွာ၊ ဒီမုန့်စားပြီးရင် မင်းတော့ မင်းဖေဖေထက် ပိုကြီးမားတဲ့လူကြီး ဖြစ်သွားမယ်' ဟု ရှိန်းက ကျွန်တော့်ကို လှမ်းပြောသည်။

ဒီတော့ အမေက 'ဟေး... ဂျိုး သူပြောတာကြားလား၊ ဖလန်နယ်ကိတ်မုန့် ဆိုတာလေ၊ ဒါကြောင့် ဧည့်သည်ဟာ တင်နက်ဆီသား၊ ဒါမှမဟုတ်လည်း အဲဒီဘက်က ဖြစ်ရမယ်လို့ ကျုပ် ပြောတာပေါ့'

ဧည့်သည်က အမေ့ကို မော့ကြည့်ပြီး 'တယ်... အမှန်း ကောင်းလိုက်ပါလားဗျာ၊ မှန်ကာနီးပါပြီ၊ ခင်ဗျားရဲ့ခင်ပွန်း ကလည်း ကူပြီး ခန့်မှန်းပါလိမ့်မယ်။ ကျွန်ုပ်အမျိုးအနွယ်တွေကတော့ မစ္စစီပီက စထွက်ခဲ့ကြပြီး အာကင်ဆက်မှာ အခြေစိုက်ကြတယ်။ ကျုပ်ကတော့ အသက် ၁၅ နှစ်လောက်ကပဲ ထွက်ခဲ့တယ်လေ...'

ဧည့်သည်သည် သူ၏လက်များကို စားပွဲခုံစွန်း၌ တင်ထားရင်း သူ့ကိုယ်ကို နောက်လှန်ထိုင်နေသည်။ သူ့စက္ကူအစုံကမူ ထောင့်ကပ်ကြည့်ရင်း တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေဟန် တူပါသည်။

အမေက ခစ်ခနဲ ရယ်ရင်း 'တကယ်လို့ ကျွန်မဟာ ယောကျ်ား တရားသူကြီးတစ်ဦးဦး ဖြစ်မယ်ဆိုရင် ပိုလို့ စွမ်းလိမ့်မယ်လို့ပေါ့ ရှင်' ဟု ပြောသည်။ နောက်မီးဖိုဆီသို့ ထွက်သွားသည်။

ဒီလိုပျော့ရွှင်စရာ ပြက်လုံးကလေးများကို ကျွန်တော်တို့ အိမ်အတွင်း တစ်ခါတစ်ခါ ကြုံတတ်ကြားတတ်ရပါ


mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ယနေ့ နံနက်ခင်းကို အေးအေးဆေးဆေးရှိသည့် ကာလမျိုးတွင် ရယ်စရာ ပြက်လုံးကလေးများ လိုအပ်နေပါသည်။

ကျွန်တော်သည် ဒုတိယမြောက် နံနက်စာ ပန်းကန်ကို လက်ကျနေးစွာဖြင့် စားသောက်ရင်း ရုတ်တရက် ရွာချလိုက်သည့် နွေရာသီ မိုးပြေးကို သတိပြုလိုက်မိသည်။

ဧည့်သည်သည် သူ၏ နံနက်စာ စားသောက်မှုကို အပြီးသတ်လိုက်သည်။ ပိုပြီး အတော်များများ ကုန်သွားသည် အထိ စားပစ်လိုက်နိုင်သည်။ ကျွန်တော့်ပန်းကန်ထဲကပင် ခွဲယူဦးမလားဟုပင် အံ့အားသင့်သွားမိပါသေးသည်။ သူသည် ပြတင်းပေါက်ကို ကျော်၍ အပြင်ပ မြင်ကွင်းကို ငေးစိုက်ကြည့်နေသည်။ သူ့ နှုတ်ခမ်းအစုံကိုလည်း ခပ်စေ့စေ့ ပိတ်ထားသည်။

နောက်တော့ သူ့ခုံကို စားပွဲပေါ်မှ နောက်သို့ အသာတွန်းရွှေ့လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။ သို့ရာတွင် အဖေက လှမ်းပြောလိုက်သဖြင့် ပြန်ထိုင်လိုက်သည်။

'ဒီလိုရာသီဥတု ဆိုးနေတုန်း မင်း ခရီးသွားလို့ ဘယ်ဖြစ်ဦးမလဲကွယ်။ ဒီမိုးမျိုးဟာ ကြာကြာတော့ မရွာတတ်ပါဘူး။ နောက်ပြီး မီးဖိုပေါ်မှာ ငါ ကော်ဖီအိုး တည်ထားပါသေးသကွယ်' ဟု အမေက ပြောလိုက်သည်။

အဖေကတော့ ဆေးတံကို ခဲရင်း ဖိမ်တွေ့နေရှာသည်။ ဆေးတံမှ ထွက်သွားသည့် မီးခိုးတန်းများကို ကြည့်ရင်း 'မယ်ရီယန် ပြောတာ ဟုတ်တယ်' ဟု အမေ့စကားကို


mgyoe.com

mgyoe.com SAMPLE BOOK

ထောက်ခံလိုက်သည်။ 'ဒီမိုးမျိုးဟာ ကြာကြာလည်း မရွာဘူး၊ ခဏလောက်ပါပဲ။ ဒါပေမဲ့ ဒီမိုးဟာ လမ်းဆိုးစေမှာတော့ မုချပါပဲကွယ်။ ရေစိုနေရင် လမ်းတွေ ဗွက်ထပြီး ခရီးသွားလို့ ကောင်းမှာမဟုတ်ဘူး။ လမ်းတွေ သွေ့သွားမှ ခရီးသွားလို့ကောင်းမယ်။ ဒီတော့ မနက်ဖြန်ထိအောင်တော့ မင်း ဒီမှာပဲ စောင့်လိုက်ပါလား' ဟု အဖေက ပြောလိုက်သည်။

ညော့်သည်သည် စားပွဲပေါ်ရှိ သူ့ရှေ့မှ ပန်းကန်အလွတ်ကို စိုက်ကြည့်ရင်း စဉ်းစားနေသည်။ အဖေ့စကားသည် အရေးကြီးသည့် စကားတစ်ခွန်း ဖြစ်နေပေသည်။ သူ့ကို ကြည့်ရသည်မှာ တစ်ခုခုအတွက် စိုးရိမ်ပူပန်နေသလို ရှိသည်။

'ဟုတ်တယ်' အဖေက ဆက်ပြောပြန်သည်။ 'ကျုပ်ပြောတဲ့စကားဟာ တော်တော်လေး ဟုတ်တယ်။ တကယ်လို့ ကျုပ်သာ မြင်းဆရာဝန်တစ်ယောက် ဖြစ်နေတယ်ဆိုရင်လည်း ခင်ဗျား မြင်းကို တစ်နေ့လောက် ခရီးနားဖို့ အကြံပေးမိမှာပဲ။ အေး... ခင်ဗျား ဒီမှာ အနားယူရင်တော့ ကျုပ်လည်း ဒီပတ်ဝန်းကျင်မှာ ကျုပ် လုပ်ထားတာလေးတွေ လှည့်ပတ်ပြချင်သေးတာပေါ့'

အဖေသည် အမေ့ကို အကူအညီတောင်းသလို မော့ကြည့်လိုက်သည်။ အဖေသည် သူ့အကြံအစည်များ အောင်မြင်စေရန် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ လုပ်ကိုင်လေ့ရှိသူ တစ်ဦးဖြစ်သည်။ ရာသီဥတုမကောင်း၍ အိမ်ပြင်


mgyoe.com

mgyoe.com SAMPLE BOOK

ခရီးမထွက်နိုင်သည့်အခါများတွင် အိမ်ထဲမှာနေပြီး နွားတို့အကြောင်းချည်း ပြောနေတတ်သည်မှာ အဖေ့အကျင့်တစ်ခု ဖြစ်သည်။ အပြင်ထွက် အလုပ်မလုပ်နိုင်ဘဲ ဖြစ်နေသည်ကိုပင် အဖေက တစ်ခုခု အစော်ကားခံထားရသလို စိတ် တိုတောင်းနေတတ်လေသည်။

'ရှင်ဟာ ကျွန်မတို့အလိုတော့ လိုက်လျောသင့်သေးတယ်ရှင်၊ မဟုတ်လား မစွတာရိုန်း၊ ကျွန်မတို့မှာဆိုရင် ဒီတောင်ကြားဒေသကလွဲလို့ အပြင်က ဧည့်သည်ဆိုတာက ရှားသားကလား။ ဒီတော့ ရှင် ဒီမှာနေဦးမယ်ဆိုရင်တော့ ကောင်းမှာပဲ' အမေသည် သူ့ထုံးစံအတိုင်း နှာခေါင်းရှုံ့လိုက်ပြီးမှ 'နောက်ပြီး ပန်းသီးနဲ့ချက်တဲ့ ဟင်းစပ်တစ်မျိုးထွင်ချက်ဖို့ ကြံထားတယ်'

'ဟောဒီ နှစ်ယောက်ကတော့ တွေ့သမျှ အကုန်စားမှာပဲ။ ဒါပေမဲ့ အကောင်းအဆိုးတော့ သိတတ်ကြမှာလည်း မဟုတ်ပါဘူး'

ဧည့်သည်သည် အမေ့ကို တန်းတန်းမတ်မတ် မော့ကြည့်လိုက်ရာ အမေက လက်ညှိုးကို ထောင်ပြီး ခါယမ်းပြသည်။ နောက် အမေက 'ပြီးတော့ ကျွန်မတို့မိန်းမတွေဟာ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး ပြဿနာတွေ ရှိနေတယ် မဟုတ်လား။ ဥပမာ–ဦးထုပ်တို့ ဘာတို့ ဆိုတာတွေများ ကျွန်မ ကောင်းကောင်း နားမလည်တတ်ဘူး။ ရှင်ကတော့ သတိထားမိမှာပါပဲ။ ဒါတွေကို ရှင်းပြပြီးအောင်တော့ နေပါဦးရှင်' ဟု ပြောပြန်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ရှိန်းသည် ကုလားထိုင်ကို မှီလိုက်သည်။ တင်းမာနေသည့် သူ့မျက်နှာထားမှာလည်း တဖြည်းဖြည်း လျော့ကျသွားသည်။ နောက်တော့မှ 'အခေါ်ပြောသလို ကျွန်တော်ဟာ မိန်းမမှုကျေသူ မဟုတ်ပါဘူး။ ခင်ဗျား ထင်တာလောက် ကျွန်တော်ဟာ မပြည့်စုံသေးပါဘူးဗျာ' သူသည် သူ့ရှေ့ရှိ ကော်ဖီပန်းကန်အလွတ်ကို အမေ့ဘက်သို့ တိုးပေးလိုက်ပြီး 'ကော်ဖီ ရှိသေးတယ်လို့ ပြောထားတယ် မဟုတ်လား' ဟု ပြောလေသည်။

'ခင်ဗျား ဟန်ကျတယ်' အဖေက ညော့်သည်ကို ပြောသည်။ 'တကယ်လို့ ခင်ဗျားဟာ ဦးထုပ်ပုံဆန်းလေး တစ်ခုလောက် ပြလိုက်မယ်ဆိုရင် သူဟာ စာတိုက်ကို တစ်ကြိုးတည်း ပြေးပြီး မှာမှာပဲဗျ။ ဒီလိုနဲ့ ကျုပ်ပိုက်ဆံလေးတွေ အလဟဿ ကုန်ပြန်တာပေါ့ဗျာ' ဟု အဖေက ပြောသည်။

အဖေပြောသည့်စကားကို အမေ မကြားလိုက်ပါ။ အမေ့အနေဖြင့် အခြားအကြောင်း ပြောတာဟုပင် ထင်နေပါသည်။ အမေသည် ကော်ဖီအိုးကို စားပွဲပေါ်တွင် ဖေ့ယမ်းပြီး ပန်းကန်များထဲသို့ ပထမဆုံးအကြိမ် လိုက်ထည့်သည်။ နောက်တော့မှ ကော်ဖီအိုးကို လူတိုင်း လက်လှမ်းမီရာ စားပွဲတစ်နေရာတွင် ချလိုက်ပြီး ကုလားထိုင်၌ ထိုင်လိုက်သည်။

ဦးထုပ်အကြောင်း အဖေ ပြောလိုက်ခြင်းမှာ ညော့်သည် ခရီးမသွားဖြစ်စေရန် အမေ့အလိုအတိုင်း လိုက်ပြောသည်ဟုသာ ကျွန်တော် ထင်ပါသည်။ သို့ရာတွင် အမေကတော့


mgyoe.com

mgyoe.com SAMPLE BOOK

တကယ့်ကိုပင် ပြောခိုင်းနေတော့သည်။ ချီယင်းနီးတွင် သူ တွေ့ခဲ့ဖူးသည့် မိန်းမများအကြောင်းလည်း ပါသည်။ အခြားမြို့တွေမှ မိန်းမများအကြောင်းလည်း ပါသည်။ ဦးထုပ်ပုံစံသစ်များအကြောင်း လျှောက်မေးနေတော့သည်။

ရှိန်းကလည်း ရင်းရင်းနှီးနှီးပင် မိန်းမတွေ ဘယ်လို ဦးထုပ်မျိုးများ ဆောင်းကြပုံ၊ မေးသိုင်းကြိုးတွေနဲ့ ဆောင်းကြပုံ စသည်ဖြင့် ပြောပြလေသည်။

ဒီလိုစကားမျိုး လူကြီးတွေက ပြောနေခြင်းမှာ အရူးထသည်ဟု ကျွန်တော်က ထင်နေမိသည်။ အဖေကတော့ စိတ်ဝင်စားဟန် မရှိလျက်နှင့် အားလုံးမှန်ပါသည် ဆိုသည့် သဘောမျိုးဖြင့် နားထောင်နေလေသည်။

အဖေသည် အမေနှင့် ရှိန်းတို့ စကားကောင်းနေသည်ကို ခပ်အေးအေး နားထောင်နေရာမှ တစ်ချီ တစ်ချီတွင် စကားဝင်ဖြတ် ပြောတတ်သည်။ သူ ပြောနေကျ သီးနှံအကြောင်း၊ နွားပေါက်ကလေးများအကြောင်း ဝင်ဝင်ပြောလေသည်။

တိုးဝင်ပြော၍ မရသည့်အဆုံး အဖေသည် ဆေးတံကိုသာ ပြုံးဖြီးဖြီးကြီး သောက်နေတော့သည်။ ရှိန်းနှင့် အမေ့ကိုလည်း ပြုံးကြည့်ရင်း ခေါင်းခါလေသည်။ အပြင်မှာ မိုးရွာနေသည်ကိုပင် ကျွန်တော်တို့ သတိမထားမိတော့ပေ။ မီးဖိုခန်းထဲ၌ ရင်းရင်းနှီးနှီး ပြောဆိုနေကြသဖြင့် နွေးနွေးထွေးထွေးပင် ရှိတော့သည်။

ရှိန်းသည် အမေ့အား ဒေါက်မြို့တွင် ပြုလုပ်လေ့


mgyoe.com

mgyoe.com SAMPLE BOOK

ရှိသည့် နှစ်စဉ်ပြပွဲအကြောင်း ပြောပြနေသည်။ အမေ သည် ရုတ်တရက် 'ယနေ့ နေတောင် သာနေပါပကော' ဟု ပြောလိုက်သည်။ ထိုလိုအချိန်မျိုးတွင် အပြင်ထွက်၍ လေကောင်းလေသန့်များ ရှူရှိုက်ရင်း ကိုယ်လက်ဆန့်ချင် ကြသည်။ အဖေသည်လည်း ထို့အတူပင်။

အဖေသည် ထိုင်ရာမှ ထရင်း 'လာဟေ့ ရှိန်း၊ ငါ့ဥစ္စာ တွေ ဘယ်လောက် အောင်မြင်တယ်ဆိုတာ လျှောက်ကြည့် ရအောင်' ဟု ခေါ်သည်။

ရှိန်းသည် အဖေ့နောက်မှ ကပ်လိုက်သွားရာ ကျွန်တော် လည်း ပြေးလိုက်သွားသည်။ အမေသည် တံခါးဝမှနေပြီး ကျွန်တော်တို့သုံးဦး ထွက်သွားကြသည်ကို လိုက်ကြည့် နေသည်။

မိုးရွာပြီးစမို့ ရွှံခင်းတစ်ခုလုံး စိမ်းလန်းစိုပြည်နေ သည်။ အဖေသည် တစ်ချိန်လုံးလိုပင် ၎င်း၏ အစီအစဉ် မျိုးအကြောင်းကို ပြောနေသည်။ မီးလောင်ပြင် တစ်နေရာ မှ နေကြည့်လိုက်သောအခါ စားကျက်အတွင်းရှိ ကျွန်တော် တို့ နွားအုပ်ကို တွေ့နိုင်ပေသည်။

ရှိန်းသည် မီးလောင်ပြင် နောက်ဘက်ရှိ သစ်ငုတ်တို ကြီးကို ကြည့်နေသည်။ ဤသစ်ငုတ်တိုကြီးသည် သာယာ သော ရွှံခင်းကို အရုပ်ဆိုးစေသည်။ ကျွန်တော်တို့ ဒီအရပ် ကို မရောက်မီကပင် ရှိခဲ့သည်။ ရှေးက သစ်ပင်ကြီးတစ်ပင် ၏ ငုတ်တိုကြီး ဖြစ်သည်။ တစ်ချိန်က လေဒဏ်ကြောင့် ကျိုးကျရာမှ ငုတ်ကျန်ရစ်ခဲ့သော သစ်ငုတ်ကြီးမှာ အလွန်

mgyoe.com

ကြီးလှသည်။ အကယ်၍ ညီညီညာညာသာ ရှိမည်ဆိုလျှင် အိမ်ထောင်တစ်ခု ထမင်း ဝိုင်းစားရလောက်အောင်ပင် ကျယ်ပြန့်လေသည်။

သစ်ငုတ်တိုကြီးကို တူးဖော်ပစ်ရန်မှာ မလွယ်ပါ။ သစ်မြစ်ကြီးများမှာ ကျွန်တော့်ခါးအောက်ထိ ကြီးပြီး ရာသက်ပန်လုံး တည်မြဲ ခိုင်ခံ့နေတော့မလို ရှိသည်။ အဖေသည် တူးပစ်ရန် ကြိုးစားလေသည်။ အမြစ်များ မာလွန်း၍ ပုဆိန်သွား နစ်အောင်ပင် မပေါက်နိုင်ပါ။ အလွန်မာကျောလွန်းလှပါသည်။

အဖေသည် သစ်ငုတ်တိုကြီးကို မီးနှင့်ရှို့ပစ်ရန်လည်း ကြိုးစားနေသေးသည်။ မီးကိုလည်း မဖြုံပေ။ နောက်ဆုံးတော့ အဖေသည် အမြစ်များကို တစ်ချောင်းပြီး တစ်ချောင်း အချိန်ကာလကြာမြင့်စွာ ဖြတ်တောက်ပစ်ရန် ကြိုးပမ်းလေသည်။ တကယ်တော့ သူ့အဖို့ အချိန်ပို မရှိလှပါ။

အဖေသည် သစ်ငုတ်တိုပေါ်သို့ တက်လိုက်ပြီး အနီးဆုံး သစ်မြစ်တစ်ချောင်းကို ဟန်ပါပါ ကန်လိုက်သည်။ ဤသည်မှာ ဒီနေရာရောက်တိုင်း အဖေလုပ်နေကျ အလုပ်တစ်ခုပင် ဖြစ်နေသည်။ နောက်ပြီး အဖေက 'ဒီသစ်ငုတ်ဟာ အတော်အရုပ်ဆိုးတာပဲ။ သူ့ကြောင့် ဒီနေရာဟာ အရုပ်ဆိုးနေရတယ်။ တစ်နေ့တော့ သူ့ကို ကျုပ်ဖြတ်နိုင်မှာပဲ။ ဒီလိုအပင်မျိုးလို ပုဆိန်ဒဏ်ခံနိုင်တဲ့ အပင် တွေ ဒီမှာ မတွေ့ဖူးသေးပါဘူး' ဟု ပြောလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အဖေသည် သစ်ငုတ်တိုကို သူ့ရှေ့မှ လူတစ်ယောက်လို ရပ်ကြည့်နေသည်။ သူ ဂရုတစိုက် လုပ်နေသလို ရှိန်း စိတ်ပါဝင်စားလှဟန် မရှိပါ။ ကျွန်တော်တို့သည် မြို့ဘက်သို့ လှမ်းကြည့်လိုက်ရာ နှစ်ဖာလုံလောက်တွင် ခင်တန်းနှင့် သစ်ပင်စုလေးများ တွေ့ရသည်။

ရေစိုနေသော လမ်းအတိုင်း ကျွန်တော်တို့အိမ်ဆီသို့ ဝက်ဝွန်း လှည်းတစ်စီး မောင်းလာသည်ကို တွေ့ရသည်။ လှည်းကို ဆွဲလာသည့် မြင်းများသည် မိုးရေစိုနေသော လမ်းပေါ်တွင် ခပ်သွက်သွက်သာပင် ပြေးနေကြသည်။ သူတို့ခွာစာများသည် ဖွာခနဲ ဖွာခနဲ ပြန့်ကျဲ ကျန်ခဲ့သည်။ လမ်းမှာ မိုးဒဏ်ကြောင့် ဆိုးဆိုးဝါးဝါး အခြေထိ မရောက်ခဲ့ကြောင်း သိရသည်။ ရှိန်းသည် လှည်းဆီသို့ ကြည့်နေရာမှ အဖေ့ဘက်သို့ မျက်စိတစ်ချက် ဝင့်လိုက်ပြီး 'ခရီးသွားဖို့ မကောင်းဘူးလို့ ခင်ဗျား လိမ်သလို ဖြစ်နေပြီ' ဟု အဖေ့ကို ညင်သာစွာ ပြောသည်။ ရှိန်းသည် လာနေသော လှည်းဆီသို့ အာရုံပြုစိုက်လိုက်ပြီး ဖျတ်လတ်စိတ်ဝင်စားစွာ ကြည့်နေသည်။ လှည်းမောင်းသမား နေရာတွင် ထိုင်ပါလာသူကို အထူးဂရုစိုက် ကြည့်နေသည်။

အဖေက ရယ်သံဖြင့် 'ဒါဂျက်လက်ယာဒ်ရဲ့ လှည်းပါ။ ကျုပ်တို့ခြံဆီကိုပဲ လာတာပါ။ ကျုပ် လိုချင်နေတဲ့ ထွန်သွားတွေ သူ့ဆီမှာ ပါလာလိမ့်မယ် ထင်တယ်' ဟု ပြောသည်။

လက်ယာဒ်မှာ လူသိမ်၊ လူညှက်တစ်ဦး ဖြစ်သည်။


mgyoe.com

သူသည် ခရီးလှည့်လည် ဈေးသည်ပွဲစားတစ်ဦး ဖြစ်သည်။ မိမိတို့မြို့ကလေးများတွင် ဝယ်မရနိုင်သည့်ပစ္စည်းများ သူ့ကို မှာကြရသည်။ သူသည် တစ်မြို့တစ်ရွာ လှည့်လည် ရောင်းချရင်း၊ ကြွေးပေါင်းကို တောင်းရင်း ပစ္စည်းသစ် ဝယ်လိုသူတို့ကိုလည်း ရှာပေးသည်။ လက်ယာဒ်ကို ကျွန်တော် မနှစ်သက်ပါ။ သူသည် အဖေ့အတွက် အကျိုးရှိစေမည့်သူ ဟု ကျွန်တော် မထင်ပါ။

သူသည် မျက်နှာချို သွေးလွန်းသည်။ အပြုံးလွန်ပြီး မျက်နှာချိုသွေးလွန်းသဖြင့် တကယ့်မိတ်ဆွေစစ်သဘော မရှိပါ။ သူလှည်းဝင်လာချိန်တွင် ကျွန်တော်တို့သည် ဆင်ဝင် နား ရပ်နေကြသည်။ သူ့မြင်းများကို ခြံလမ်းထဲသို့ မောင်း သွင်းပြီး တစ်နေရာတွင် ရပ်လိုက်သည်။ နောက် နှုတ်ဆက် ရင်း လှမ်းအော်ကာ ခုန်ချလိုက်သည်။ အဖေက သူ့ကို နှုတ်ဆက်ရန် အနားသို့ လျှောက်သွားသည်။ ရှိန်းကမူ ဆင်ဝင်တိုင်ကို မှီပြီး ကျန်ရစ်ခဲ့သည်။

'ကျုပ်ပြောတဲ့ ပစ္စည်းတွေ ဒီမှာလေ' ဟု လက်ယာဒ် က ပြောရင်း လှည်းကို ကာထားသည့် ပတ်တူစကို ဆွဲ ဖွင့်ပြလိုက်သည်။ လှည်းထဲမှာတော့ ခုနစ်သွားတပ် ထွန် တစ်ခုကို တွေ့လိုက်ရသည်။

'ကျုပ် အကောင်းဆုံး ဝယ်လာတာပဲဗျ' ဟု ၎င်းက ပြောပြန်လေသည်။

'ဟုတ်တယ်ဗျို့၊ ကျုပ် လိုချင်တာတွေပဲ၊ ခင်ဗျား ဝယ်လာတာ မှန်တယ်။ ဒါပေမဲ့ အကောင်းဆုံး ဝယ်လာ တာလို့ ခင်ဗျားပြောရင်တော့ ထုံးစံအတိုင်း အဖိုးကြီး ပေးရမှာပဲ ဆိုပါတော့လေ'


mgyoe.com

mgyoe.com

'ဟုတ်တယ်လေ၊ ခင်ဗျားကို ကျုပ်ပြောသွားတာထက် အများကြီး ဈေးပိုနေတယ်။ ဒီလိုဟာမျိုး မပေါ်သေးဘူး။ နောက်ပြီး ခဏလေးနဲ့ပဲ ကိုင်ပုံကိုင်နည်း ကျွမ်းကျင်ပြီး ကလေးတွေတောင် သုံးလို့ရတာ ခင်ဗျား သိလိမ့်မယ်'

'ကဲ... ဒါကိုချလိုက်လေ၊ ခင်ဗျားကို မေးစရာမေးခွန်းလည်း တစ်ခုရှိတယ်' အဖေက ပြောလိုက်သည်။

'ကျုပ် ပြောမယ်ဗျာ၊ ကျုပ်က ကိုယ့်ဖောက်သည်ကောင်း တစ်ယောက်အတွက်ဆိုတော့ အရှုံးခံ ရောင်းရတာပေါ့ဗျ။ ဒီတော့ တစ်ရာ့တစ်ဆယ်နဲ့ ထားပေါ့' လက်ယာဒ်က ပြောလိုက်သည်။ ထိုစဉ် ရှိန်းက–

'အား... ရောင်းဈေးက များလွန်းလှပါကလား' ဟု ပြောလိုက်ရာ၊ လက်ယာဒ်မှာ တွန့်သွားသည်။

ရှိန်း၏အသံမှာ တည်ကြည် ငြိမ်ဆိတ်လှပါသည်။ 'ကဲ... ဟုတ်တယ် မဟုတ်လား၊ ဟုတ်ပါတယ်၊ သူ လျှော့ယူမှာပါ။ ဒီဟာမျိုးတစ်ခုကို ချင်ယင်းနီးက စတိုးဆိုင်တစ်ခုမှာ ကျုပ်တွေ့ခဲ့ပါတယ်။ ရောင်းဈေးကလည်း ဒေါ်လာ ၆၀ တည်းပါဗျာ'

လက်ယာဒ်သည် တစ်ဖက်သို့ လှည့်ထွက်သွားသည်။ နောက်တော့မှ ရှိန်းကို သေသေချာချာ စိုက်ကြည့်လေသည်။ သူ၏ အပေါ်ယံကြော ဟန်ဆောင်ပြုံးများမှာ သူ့မျက်နှာပေါ်၌ လုံးဝ မရှိတော့ပါ။ သူ့အသံများမှာလည်း ဟန်မဆောင်နိုင်လောက်အောင်ပင် တုန်ယင်နေပါသည်။ 'ဒီကိစ္စမှာ မင်းကို ဘယ်သူက မေးလို့လဲ' ဟု ပြောသည်။


mgyoe.com

mgyoe.com SAMPLE BOOK

'မမေးပါဘူး၊ ဘယ်သူကမှ မမေးပါဘူးဗျာ' ရှိန်းက ခပ်အေးအေးပင် တည်ငြိမ်စွာ ပြောရင်း ဆင်ဝင်တိုင်သာ မှီနေသည်။ နောက်ထပ်၍လည်း ဘာမျှမပြောပေ။

ဂျက်လက်ယာဒ်သည် အဖေ့ဘက်သို့ လှည့်လိုက်ပြီး ခပ်မြန်မြန်ပင် 'သူ ပြောတာတော့ မေ့ပစ်လိုက်ပါဗျာ၊ ကျုပ် သူ့ကို သိပါပြီ၊ လမ်းတစ်လျှောက်လုံး သူ့ကို ခြောက်ကြိမ် ခုနစ်ကြိမ်လောက် တွေ့ခဲ့ဖူးတယ်။ ရွာစဉ်လျှောက်နေတဲ့ လူလေလူလွင့် တစ်ဦးပါလေ။ သူ့ကို ဘယ်သူမှ ကောင်းကောင်းသိတာ မဟုတ်ဘူး။ သူ့ကိုများ ခင်ဗျားက လက်ခံထားတာ အံ့သြပါရဲ့' ဂျက်လက်ယာဒ်က အဖေ့ကို ပြောသည်။

'ခင်ဗျား အံ့သြသင့်စရာတွေ အများကြီး ရှိပါတယ်ဗျာ၊ ကျုပ်ကို ဈေးမှန်အတိုင်းနဲ့သာ ရောင်းခဲ့ပါလေ'

'ကျုပ် ပြောပါကောလား၊ တစ်ရာ့တစ်ဆယ်လို့၊ သူ တွေ့ခဲ့တယ်ဆိုတာ တစ်ခုခု နေပါလိမ့်မယ်။ ဒါကို သူ ရှုပ်ထွေးနေပြီး တလွဲမှတ်နေတာပါ။ ခပ်ငယ်ငယ်ဟာမျိုးတွေတော့ တစ်ဝက်ဈေးလောက်နဲ့ရတာ မှန်ပါတယ် ဗျာ'

အဖေသည် ဂျက်လက်ယာဒ်ကိုသာ ကြည့်နေသည်။ ဘာတစ်ခွန်းမျှ မပြောပေ။ လက်ယာဒ်ကသာ 'စတားရက်၊ မင်းဟာ ဘယ်သူ တစ်ဦးတစ်ယောက်မှ မသိစေဘဲနဲ့ လူလိမ်လို့ ခေါ်လိုက်တာလားဟင်' ဟု ပြောလိုက်သည်။

၎င်းက ဆက်ပြီး 'နောက် သူပြောတဲ့စကားအတိုင်း


mgyoe.com

mgyoe.com SAMPLE BOOK

ငါ့ကို သဘောထားသလားဟင်၊ သူ့ကို ကြည့်စမ်း၊ သူ့အဝတ်အစားတွေကို ကြည့်စမ်း၊ လူပေါ့ လူသွမ်း တစ်ယောက်ပါကွာ' လက်ယာဒ်သည် ပြောရင်း ချောင်းဆိုးပြီး ရပ်သွားသည်။ ထိုအခိုက် သူ့မျက်နှာပေါ်တွင် ကြောက်ရွံ့ ထိတ်လန့်မှုမှာ တစ်မုဟုတ်ချင်း ပေါ်လာသည်။ ထို့ကြောင့် ကျွန်တော်သည် ရှိန်းကို လှမ်းကြည့်မိလိုက်သည်။

ရှိန်းသည် ဆင်ဝင်ကို မှီမနေတော့ဘဲ ကိုယ်ကို ခပ်မတ်မတ် ရပ်လိုက်သည်။ လက်ယာလက်ကိုလည်း ဘေးသို့ ကားထားပြီး မျက်စိအစုံကလည်း လက်ယာဒ်ကို စားမျိုဝါးမျိုမတတ် စူးစိုက်ကြည့်နေသည်။ သူ့အသွင်မှာ ခုန်အုပ်တော့မည့်အသွင် ရှိပေသည်။

ဤအချိန်ပိုင်းမှာ အလွန်ပင် ဒေါသ တင်းမာနေသည့် အချိန်ပိုင်းဖြစ်ပြီး တစ်စက္ကန့်အတွင်း အရေးတကြီးကိစ္စ တစ်ခု ဖြစ်ပွားနိုင်လေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ စကားမပြောပေ။ ရှိန်း၏ တောက်ပနေသော မျက်စိအစုံသည် လက်ယာဒ်ဆီမှ တဖြည်းဖြည်း လမ်းပြောင်းပြီး နူးညံ့ ပျော့ပျောင်းလာသည်ကို တွေ့ရသည်။

ဒီတော့မှ အဖေက 'ဟုတ်တယ်၊ သူဟာ ငါ့ဧည့်သည်ပဲ၊ ငါ ဖိတ်ခေါ်ထားတာ၊ သူ့စကားကို ငါ လက်ခံရမှာပဲ။ ဒါပေမဲ့ ဒါဟာ အကြောင်းမဟုတ်ပါဘူး' အဖေသည် အဝေးရှိ မြစ်တစ်ဖက်ကမ်းသို့ လှမ်းကြည့်နေရင်း ပြောပေသည်။


mgyoe.com

နောက်တော့မှ ခေါင်းကို ငုံ့လိုက်ရင်း 'ဖဲ ဝ ဆိုရင် တန်ဖိုးပဲ။ ဒီတော့ အမြတ် ၁၀ ဒေါ်လာ ပေးမယ်ဆိုရင် သင့်ပါပြီ။ အေးကွာ၊ နောက်ထပ် ၁၀ ဒေါ်လာ ပေးမယ်။ ကဲ... ဒေါ်လာ ၈၀ တောင် ရှိသွားပြီ။ မင်း ရောင်းနိုင်ရင် ရောင်းခဲ့၊ မရောင်းနိုင်ရင်လည်း သွားတော့ကွာ' ဟု ဆက် ပြောသည်။

လက်ယာဒ်သည် ခေါင်းငိုက်စိုက်ချလိုက်ပြီး ကြည့် နေသည်။ နောက်တော့မှ 'ဘယ်မလဲ ပိုက်ဆံ' ဟု ပြော သည်။

အဖေသည် အိမ်ထဲဝင်သွားပြီး အိပ်ရာအောက်မှ ငွေအိတ်ကို ဆွဲခဲ့သည်။ လက်ယာဒ်သည် ငွေကို ယူပြီး ထွန်သွားတွေကို ဝိုင်းချပေးပြီးနောက် လှည်းပေါ်သို့ ခုန် တက် မောင်းထွက်သွားသည်။

ထိုအချိန်တွင် ရှိန်းသည် ပုဆိန်တစ်လက်ကို ကိုင်ရင်း အနားသို့ ရောက်လာသည်။ နောက် သူသည် သစ်ငုတ်တို ဆီသို့ တန်းတန်းမတ်မတ် သွားရင်း ပုဆိန်ဖြင့် ပေါက်တော့ ရာ မာကျောသော သစ်သားအား သံသွား ဖြတ်တောက် သံများ ဆူညံစွာ ထွက်ပေါ်လာတော့သည်။

ကျွန်တော်တို့သည် သူ့ကိုသာ ငေးကြည့်နေမိသည်။ သူ့ပုဆိန်ချက်သံများမှာ မာကျော ပြင်းထန်လွန်းလှ သည်။ သူ့တွင် မာကျော ရင့်ကျက်မှုများ ရှိနေသည်။ သူ၏ မာကျောမှုများမှာ ကျွန်တော်တို့အပေါ် ဆက်ဆံ ရာ၌ မဟုတ်ပေ။ သူသည် အမေပြောသကဲ့သို့ပင် အလွန်


mgyoe.com

mgyoe.com SAMPLE BOOK

ကြောက်စရာ ကောင်းသူတစ်ဦး ဖြစ်သည်။ သို့ရာတွင် ကျွန်တော်တို့အပေါ်၌မူ မဟုတ်ပေ။ သူသည် ကျွန်တော်တို့အတွက် သူစိမ်းတစ်ရံဆံ မဟုတ်တော့ပြီ။ သူ့ကို အဖေကဲ့သို့ပင် ယုံကြည်နိုင်စရာ တည်ကြည် ပြည့်ဝမှုရှိကြောင်း တွေ့ရသည်။

ကျွန်တော်သည် အဖေ ဘာတွေ စဉ်းစားနေလဲဟု လှမ်းကြည့်လိုက်ရာ အဖေသည် ဂျုံ၊ ပြောင်းတွေ သိုလှောင်ထားသည့် ကျီဘက်သို့ ငေးကြည့်နေမှန်း တွေ့ရသည်။ အဖေသည် အတော်ကြီး ကြာသည့်တိုင်အောင် ငေးကြည့်နေသည့်အတွက် သူ့နောက်နားသို့ ကျွန်တော် ရောက်သွားသည်ကိုပင် သူ မသိပါ။

ရှိန်းကမူ သစ်ငုတ်တို၏ အမြစ်ကြီးကို ပုဆိန်ကြီးဖြင့် ချက်ကျကျ ပေါက်ဖြတ်လျက်ရှိသည်။ သူ၏ ပုဆိန်ချက်များမှာ အဖေ၏ ပုဆိန်ချက်လောက်ပင် ပြင်းလှသည်။ သူသည် ပုဆိန်ချက်ကို စည်းဝါးကိုက် မှန်မှန်ကြီး ပေါက်လျက်ရှိသည်။

အဖေသည် ခြေကိုခွဲထားပြီး ခါးထောက်ကာ ကြည့်နေသည်။

'ကြည့်စမ်း၊ မင်းကို အကူအညီ မတောင်းဘူးကွ' ဟု အဖေက ပြောသည်။

'လူတစ်ယောက်ဆိုရင် ဆပ်စရာရှိတဲ့အကြွေး ဆပ်ရမှာပေါ့ဗျာ' ရှိန်းက အဖေ့ကို ပြောလိုက်သည်။

ကျွန်တော်က 'ခင်ဗျား ကျုပ်တို့ကို ပေးဆပ်စရာ မရှိပါဘူးဗျာ၊ ခင်ဗျားကို ကျွေးဖို့မွေးဖို့ အချိန်တွေ အများကြီး ရှိသေးတယ်'


mgyoe.com

mgyoe.com SAMPLE BOOK

အဖေက ကျွန်တော့်ပခုံးကို လက်နဲ့ ပုတ်ပြီး 'သူက ဒါကို ပြောတာမဟုတ်ဘူးကွ' ဟု ပြောသည်။ အဖေသည် ပြုံးပြုံးရွှင်ရွှင်နဲ့ ရှိန်းကို ကြည့်နေသည်။ အဖေသည် နောက်ထပ် စကားတစ်ခွန်းမျှ မပြောတော့ပေ။ ရှိန်း၏ လုပ်နေပုံကိုသာ စူးစိုက်ကြည့်နေသည်။ သူ့မျက်စိအစုံတွင် ကျေနပ်နှစ်သိမ့်ခြင်း၊ အားရခြင်းများက အပြည့်အစုံ တက်နေသည်။

တစ်ခုခုကိုတော့ အဖေ သဘောကျနေပါပြီ။ ရှိန်း၏ သန်မာသော ကြွက်သားကြီးများ၏ လှုပ်ရှားမှုနှင့် ချက်ကျ ညီညီ ထွက်ပေါ်နေသည့် ပုဆိန်ချက်များမှာ အားရစရာ ကောင်းသည်။ အလုပ်လုပ်သူနှင့် သူ့ပုဆိန်မှာ လိုက်ဖက် ၍ပင် နေပါတော့သည်။

ကျွန်တော်ရော အဖေပါ ရှိန်း အလုပ်လုပ်နေသည် ကို စိတ်ဝင်စားစွာ ကြည့်နေမိရာ အချိန်ပင် အတော်ကလေး ကြာသွားကြသည်။ နောက်ဆုံးတစ်ချက် အပေါက်လိုက် တွင် သစ်မြစ်ကြီးမှာ ပြတ်သွားတော့သည်။ ကျွန်တော်က ရှိန်း နားလိမ့်မည်ဟု ထင်သော်လည်း ရှိန်းက နောက် အမြစ်ဆုံတစ်ခုကို ပေါက်ပြန်တော့သည်။

အဖေသည် ကြည့်နေရာမှ တစ်ခုခုဖြစ်လာသလို လှုပ်ရှားလာသည်။ နောက် ရှိန်း ပေါက်ဖြတ်ထားသည့် အမြစ်များကို စိုက်ကြည့်နေရာမှ အနီးရှိ မြစ်ဆုံတစ်ခုကို တစ်ချက် ကန်လိုက်ပြီးနောက် အိမ်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားတော့သည်။


mgyoe.com

mgyoe.com SAMPLE BOOK

မကြာမီကပင် အသွားနှစ်ဖက်တပ် ပုဆိန်ကြီးတစ်ခု သူ့လက်ထဲမှာ ပါလာသည်။ ထိုပုဆိန်ကြီးမှာ အလွန်လေးသောကြောင့် ကျွန်တော်ပင် မ,မနိုင်ပါ။ အဖေသည် ရှိန်း၏ မျက်နှာချင်းဆိုင် တစ်ဖက်ဆီသို့ သွား၏။ သည်ဘက်မှ သစ်မြစ်ဖုတစ်ခုကို တအားပေါက်ချလိုက် ပါသည်။ အဖေ့ ပုဆိန်သွားမှာ သစ်မြစ်ထဲသို့ လက်မဝက်ခန့်ပင် အသွား မြုပ်သွားတော့သည်။

ပုဆိန်သံကြောင့် ရှိန်းသည် အဖေ့ကို မော့ကြည့်လိုက်သည်။ သူတို့နှစ်ဦးသားသည် အလယ်ကောင်မှ သစ်ငုတ်တိုကို ကျော်ပြီး အကြည့်ချင်း ဆုံကြသည်။ တစ်ဦးကို တစ်ဦး ဘာမှမပြောဘဲ ကြည့်နေကြသည်။ နောက်ပိုင်းတွင်တော့ သူတို့နှစ်ဦးစလုံး၏ ပုဆိန်သွားသည် သစ်ဆုံများ ပေါ်သို့ တစ်ချက်ပြီးတစ်ချက် ကျသံများ ပေါ်ထွက်လာလေတော့သတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

အဖေနှင့် ရှိန်းတို့သည် သစ်မြစ်ဆုံများကို ချက်ကျကျ ပေါက်နေကြသည်။ တစ်ခုစီလောက်ပြီးလျှင် သူတို့နှစ်ဦး စလုံး သွားကြလိမ့်မည်ဟု ကျွန်တော် ထင်နေမိသည်။ ရှိန်းသည် ပေါက်လက်စသစ်မြစ်ဆုံ ပြတ်သွားပြီးနောက် တစ်ခဏမျှ မော့ကြည့်ပြီးလျှင် နောက်အမြစ်တစ်ခုကို ဆက်လက် ပေါက်ဖြတ်ပြန်တော့သည်။ နောက်တစ်ခဏ အကြာတွင် အဖေပေါက်နေသော သစ်မြစ်မှာလည်း ပြတ် သွားပါတော့သည်။ အဖေသည် သစ်မြစ်များအကြား စိုက် နေသည့် ပုဆိန်သွားကို အရိုးမှ နှဲ့ထုတ်လိုက်ပြီးနောက် ချွေးသုတ်ခြင်း မပြုတော့ဘဲ နောက်အမြစ် တစ်ချောင်းကို ပေါက်ဖြတ်ပြန်လေသည်။ ကျွန်တော်သည် အဖေနှင့် ရှိန်း တို့ အလုပ်လုပ်နေသည်ကို ငေးစိုက်ကြည့်နေမိတော့ သည်။

ထိုအချိန်တွင် အမေသည် စပါးကျီတစ်ဖက်မှ ကွေ့



mgyoe.com

mgyoe.com
SAMPLE BOOK

ထွက်ပေါ်လာသည်။ အမေ့ကို ကြည့်ရသည်မှာ လန်းဆန်းနေသည်။ သူ့ကိုယ်ပေါ်တွင် အလှပဆုံးဖြစ်အောင် ဝတ်စားဆင်ယင်ထားပေသည်။ ရှိန်း ပြောပြထားသည့်အတိုင်းပင် မွှမ်းမံ ပြင်ဆင်ထားသည်။ ဦးထုပ်တွင် ဖဲပြားစီးများ ထိုးထားပြီး လည်ပတ်ကြိုးကိုလည်း မေးတွင် သိုင်းထားသည်။ သူ့ကိုယ်သူ ဂုဏ်ယူဟန်ဖြင့် ကျွန်တော်တို့ဆီသို့ တစ်လှမ်းချင်း လှမ်းလာလေသည်။

အဖေနှင့် ရှိန်းတို့ နှစ်ဦးစလုံးက အမေ အနားရောက်နေသည့်တိုင်အောင် သတိမထားမိကြပေ။ ဒီတော့မှ အမေက 'ကျုပ်ကို ကြည့်ကြပါဦးရှင်' ဟု လှမ်းပြောလိုက်ရာ အဖေကော ရှိန်းပါ အမေ့ကို မော့ကြည့်ကြသည်။

'ကျွန်မ လုပ်လာတာတွေ ဟုတ်ရဲ့လားရှင်'

ရှိန်းကို အမေက မေးသည်။ ရှိန်းက 'ဟုတ်တယ်၊ သူတို့ ဆင်ယင်ပုံအတိုင်းပါပဲ။ ဒါပေမဲ့ သူတို့ဦးထုပ်က နည်းနည်းအဝိုင်းကြီးတယ်' ဟု ပြောပြီး ပေါက်လက်စ သစ်မြစ်ကြီးကို ဆက်ပေါက်နေတော့သည်။

'ဂျိုးစတားရက်၊ ဒီဦးထုပ် ဆောင်းထားတာကို ရှင်ကြိုက်တယ်၊ မကြိုက်ဘူးလောက်မှ မပြောနိုင်ဘူးလားရှင်'ဟု အဖေ့ကို မေးပြန်သည်။ အဖေက 'ဒီမှာ မင်းဦးထုပ်ဆောင်းထားထား မဆောင်းထားထား၊ ကျုပ်က ကြိုက်ပြီးသားဆိုတာ မင်းအသိသားပဲကွယ်။ ကျုပ်အဖို့တော့ ဘုရားသခင် ဖန်ဆင်းထားတဲ့ ယောဒိကမ္ဘာမှာ မင်းဟာ အလှဆုံးပါပဲကွယ်။ ကဲ... တို့ကို ဒုက္ခမပေးနဲ့တော့၊ တို့အလုပ်


mgyoe.com

mgyoe.com SAMPLE BOOK

များနေကြတာ တွေ့တယ် မဟုတ်လား'ဟု ပြောပြီး ပုဆိန်ကို ဆက်ပေါက်သည်။

'ရှင်ဟာ ဒီနေ့ အနားယူနေတယ်ဆိုတာ တယ် ရယ်စရာ ကောင်းသားပဲနော်'

အဖေသည် ပုဆိန်သွားကို မြေပေါ်၌ ထောက်ထားရင်း 'အေး... ရယ်စရာကောင်းရင်လည်း ကောင်းနေမှာပဲလေ။ ဒါပေမဲ့ ငါတော့ ဒီနေ့ နားနေရတာမျိုးလို အားရကျေနပ်ရတာ တစ်ခါမှ မကြုံသေးခဲ့ဘူး ထင်တယ်' ဟု ပြန်ပြောသည်။

'အေးပါလေ ထားပါတော့၊ နားပြီးရင် စားစရာတွေက အသင့်ကြိုဆိုနေပါသတဲ့ရှင်' အမေသည် အိမ်ဆီသို့ ပြန်ထွက်သွားရာ ကျွန်တော်တို့အားလုံး လိုက်သွားကြသည်။

အမေ့မှာ အကျင့်တစ်ခု ရှိပါသည်။ ၎င်းမှာ ထမင်းစား ဝိုင်းတွင် အမြဲချိုသာနာပျော်ဖွယ် ပြောဆိုလေ့ရှိသည့် အကျင့်ပင် ဖြစ်သည်။ အထူးသဖြင့် ဧည့်သည်စောင်သည်များ ပါလျှင် ပို၍ ညင်သာချိုသာသည်။ အမေသည် အတတ်နိုင်ဆုံး ချိုသာစွာ ကြိုးစား ပြောဆိုတတ်သည်။ တစ်ခါတစ်ခါ အမေက ချိုသာအောင် ကြိုးစားလွန်း၍ တစ်မျိုးဖြစ်နေသည်။ ထမင်းစားဝိုင်းတွင် သူ့ဦးထုပ်အကြောင်း မပြောတော့ပါ။

ထမင်းစားဝိုင်းတွင် အဖေနှင့် ရှိန်းတို့ နှစ်ဦးစလုံး တိတ်ဆိတ်စွာ စားသောက်နေကြသည်။ အမေ၏ တိုက်ရိုက်


mgyoe.com

mgyoe.com SAMPLE BOOK

မေးခွန်းများကို တစ်ခါတစ်ခါ သက်ဆိုင်သူက ပြန်ဖြေသည်။ နှစ်ဦးစလုံး အလုပ်များထား၍ ဆာလောင်နေဟန်ရှိပါသည်။ စားစရာကိုသာ ငုံ့စားလျက် ရှိသည်။ သူတို့နှစ်ဦးသည် စားသောက်ပြီးနောက် အခန်းထဲမှ တိတ်ဆိတ်စွာပင် ထွက်သွားကြသည်။ တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ တိတ်ဆိတ်နေကြသည်။

ကျွန်တော်သာ အမေ့ကို ကူညီပြီး ပန်းကန် ခွက်ယောက်များ သိမ်းဆည်းပေးနေသည်။ အမေသည် ကျွန်တော့်ကို လှမ်းပြီး 'သူတို့နှစ်ယောက် ဘာဖြစ်နေကြသလဲကွယ့်'

'ဘာမှမဖြစ်ပါဘူး' ဟု ကျွန်တော်က ပြောပြီး နောက်မှ ညနေက လက်ယာဒ်နှင့်ရှိန်းတို့ အဖြစ်ကို ပြောပြမိပါသည်။

ကျွန်တော်ပြောတာကို အမေက တစ်မျိုး သဘောပေါက်ပြန်ပြီး 'အဲဒါလိုဖြစ်တာနဲ့ မင်း ရှိန်းကို ကြောက်နေသလား' ဟု မေးသည်။

'မဟုတ်ပါဘူး အမေရဲ့၊ ကျွန်တော် ရှိန်းကို မကြောက်ပါဘူး။ ကျွန်တော်က ရှိန်းကို ကြောက်လန့်နေတာ မဟုတ်ဘူး။ သူတို့နှစ်ဦး ရန်ဖြစ်မှာကို စိုးရိမ်နေတာ' ဟု အမေ့ကို ထပ်ရှင်းပြရပါသည်။

ဒီတော့မှ အမေက 'အေး... အေး ငါ ရှင်းပါပြီကွယ်' ဟု ပြောကာ ကျွန်တော့်ဆံပင်များကို သပ်ပေးနေပါတော့သည်။ ထို့နောက် အမေသည် ပြတင်းပေါက်သို့ သွားပြီး


mgyoe.com

mgyoe.com SAMPLE BOOK

အဖေတို့ အလုပ်လုပ်နေသည့် စပါးကျီဘက်သို့ ငေးကြည့်နေသည်။ ထိုအချိန်တွင် အဖေနှင့် ရှိန်းတို့၏ ပုဆိန်ချက်များမှ ပေါ်ထွက်လာသည့် အသံများမှာ ချက်မှန်မှန် ကြားရလေသည်။

နောက် အမေက သူ့ကိုယ်သူ ခပ်တိုးတိုး ပြောသလို ညည်းတွားသည်။ 'ရှိန်းဟာ သူ့ကိုယ်သူ ဘာလုပ်နေတယ်ဆိုတာကိုတော့ သိကောင်းပါရဲ့' ဟု ဆိုသည်။ ပြီးတော့မှ ကျွန်တော့်ကို 'ဘော့၊ မင်း အပြင်သွားချေတော့။ မေမေ့ဟာ မေမေပဲ ရှင်းလင်းပစ်ပါ့မယ်' ဟု ကျွန်တော့်ကို အပြင်သို့ လွှတ်လိုက်သည်။

အဖေတို့အလုပ်မှာ ရိုးသွားသလို ရှိနေသည်။ အဖေက ပုဆိန်သွားများ သွေးရန် တံစဉ်းသွားယူခိုင်းပါသည်။ ကျွန်တော် တံစဉ်းသွားယူနေချိန်တွင် အဖေ့အဖို့ ချွေးသံတွေ သုတ်ဖို့ အချိန်ရပါသည်။ သစ်မြစ်ကြီးအောက်မှ ထွက်လာသည့် တီကောင်ထွေးများကို ကျွန်တော်က ကောက်ယူပြီး ထားလိုက်သည်။ ဒီတီကောင်တွေကို မြို့ထဲက ကလေးတွေနဲ့ ငါးမျှားသွားဖို့အတွက် ဖြစ်ပါသည်။ ဒီနောက် ကျွန်တော်သည် ဟိုနား သည်နား တစ်ဝိုက် လျှောက်ကစားနေမိသည်။ ကျွန်တော် ကစားရာ နေရာတိုင်းမှ အဖေနှင့် ရှိန်းတို့၏ ပုဆိန်သံများကို ကြားနေသည်။

ကျွန်တော်သည် မြင်းဇောင်းဘက်သို့ လျှောက်သွားမိရာ အမေ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ အမေ


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

သည် သေတ္တာတစ်လုံးပေါ်တက်ပြီး ဓောင်းပြတင်းပေါက်မှ ချောင်းကြည့်နေပါသည်။ ကျွန်တော့်ကို မြင်လျှင် မြင်ချင်း ပြတင်းပေါက်မှ ခုန်ဆင်းလာပြီး ပါးစပ်ကို လက်ညှိုးနှင့် ပိတ်ပြကာ ကျွန်တော့်ကို တိတ်တိတ်နေရန် အမူအရာဖြင့် ပြပါသည်။

အမေသည် အဖေနှင့် ရှိန်းတို့ သစ်ငုတ်တိုကြီးကို ခုတ်ဖြတ်နေပုံနှင့် ပတ်သက်၍ ချီးကျူးပြောကြားပြီး မီးဖိုဘက်သို့ ပြန်လည်၍ လှည့်ထွက်သွားလေသည်။ ကျွန်တော်လည်း အမေ့နောက်က လိုက်သွားမိသည်။ အမေသည် ဘီစကွတ်များ ဖိုထဲတွင် ဖုတ်နေပါသည်။ မုန့်များ ဖုတ်ထားစဉ် အမေသည် သူ၏ဦးထုပ်ကို ယူပြီး ပြုတ်နေသည့် ဖဲပြားအဟောင်းကို ပြန်ပြီး ဂရုတစိုက် ချုပ်နေသည်။ နောက် အမေသည် သူ့ကိုယ်သူ ပြောသလိုလို၊ ကျွန်တော့်ကိုပဲ ပြောသလိုလိုနှင့် ပြောနေပြန်သည်။ 'ဒါဟာ တော်လောက်ပြီ မဟုတ်ဘူးလား စတားရက်ရဲ့။ ဒီနေရာမှာ ဒါနဲ့ပဲ ဂုဏ်ယူနေရမယ်' ဟု ပြောပါသည်။

အမေသည် မုန့်များကျက်လျှင် အိုးထဲမှ ပန်းကန်ထဲသို့ ယူထည့်သည်။ ထိုသို့ ယူထည့်ရင်း မုန့်တစ်ချပ်ကို သူ့ပါးစပ်ထဲသို့ ပစ်သွင်းလိုက်သည်။ မုန့်အကျန်ကိုလည်း ကျွန်တော့်ကို စားစေပါသည်။ နောက် အမေသည် မုန့်ပန်းကန်ကို ယူပြီး စပါးကျီနောက်သို့ ထွက်ခဲ့ပါသည်။

နောက် အမေသည် သစ်ငုတ်တိုကြီးပေါ်သို့ မုန့်ပန်းကန်ကို တင်လိုက်ပြီးနောက် ရှိန်းတို့အား တစ်လှည့်စီ


mgyoe.com

m g y o

SAMPLE BOOK


ကြည့်လိုက်သည်။ နောက် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ 'ရှင်တို့နှစ်ယောက်စလုံး ရူးကြတာပဲ။ ဒါပေမဲ့ ကျွန်မကို တော့ အရူးထဲ ဆွဲထည့်လို့ မရဘူး' ဟု ပြောပြီးနောက် ခပ်တည်တည် ခေါင်းမတ်မတ်ထားပြီး အိမ်ဘက်သို့ ပြန် လျှောက်လာသည်။

အဖေနှင့် ရှိန်းတို့ နှစ်ယောက်စလုံး အမေ့ လုပ်ပုံကို အံ့အားသင့်စွာနှင့် စိုက်ကြည့်နေကြသည်မှာ သူတို့မြင်ကွင်း မှ အမေ ကွယ်ပျောက်သွားသည့်တိုင်ပင် ဖြစ်ပါသည်။ နောက်တော့မှ ဘီစကစ် မုန့်ပန်းကန်ကို စိုက်ကြည့်ကြ သည်။ အဖေသည် ပုဆိန်ကို မြေကြီးပေါ်သို့ ပစ်ချလိုက်ပြီး မုန့်ပန်းကန်မှ မုန့်များကို နှစ်ပုံ ပုံပြီး သစ်ငုတ်တိုပေါ်တွင် ထားလိုက်သည်။ဒီ့နောက် မုန့်နှစ်ပုံ၏ အလယ်တွင် ပုဆိန် ကို စိုက်လိုက်ပြီး သူ့ဘက်မှ မုန့်များကို သူ ယူစားသည်။ ထို့အတူပင် ရှိန်းကလည်း ၎င်းဘက်ရှိ မုန့်များ ယူစားသည်။

တစ်ဦးနှင့်တစ်ဦး စကားတစ်ခွန်းမျှ မပြောကြပေ။ အဖေသည် သူ၏မုန့်များ အလျင်ကုန်အောင် စားလိုက်ပြီး နောက် လက်နှစ်ဖက်ကို ဘောင်းဘီဆန့် အညောင်းဖြေလိုက် သည်။ နောက် တစ်ခဏအကြာတွင် အဖေသည် သူ့ ပုဆိန်ကို ပြန်ကောက်ပြီး ပေါက်လက်စ သစ်မြစ်ကြီးကို ပြန်ပေါက်ဖြတ်နေလေရာ နှစ်ဦးစလုံး၏ ပုဆိန်သံများ ပြန်လည် ပေါ်ထွက်လာပါတော့သည်။

ကျွန်တော်သည် ပန်းကန်ကို မီးဖိုထဲသို့ ပြန်ယူသွား ရာ အမေသည် ပန်းသီးများကို နွှာနေသည်။ ကျွန်တော်


mgyoe.com